

# အဘိဓမ္မာ သင်တန်း အမှတ်စဉ် (၄)

ယနေ့သင်တန်းမှာ ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, ဆိုတဲ့ စေတသိက် သုံးပါးနဲ့ ကာမာဝစရ သောဘနစိတ်(၂၄)ပါးကို သင်တန်းပေးပါတယ်။ သင်တန်းသား (၃၃) ယောက်ရှိပါတယ်၊ အမျိုးသား (၆)နဲ့ အမျိုးသမီး (၂၇) ဖြစ်ပါတယ်။ အဘိဓမ္မာကို လူငယ်တော်တော်များများ စိတ်ဝင်တစား ရှိကြတာ တွေ့ရပါတယ်၊ သင်တန်းကို စတင်သည်မှ ယနေ့အထိ သင်တန်းသားဦးရေ တိုးတက်လာပါတယ်၊ ဒါသည်ပင် အားရကျေနပ်ဖွယ် တစ်ခုလို့ မြင်မိပါတယ်။ အမိမြေနဲ့ဝေးဝေး၊ ဆွေမျိုးမိဘများနဲ့ အလှမ်းကွာ နေကြတဲ့ သူတွေမှာ အဘိဓမ္မာဆိုတာ မိမိဘဝနဲ့ မိမိနေထိုင်သည့် အရပ်ဒေသ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဆိုတာ ကျောင်းသားလူငယ်များ လက်ခံကျင့်သုံး လာကြလို့ပါပဲ။

ဟုတ်ပါတယ်. အဘိဓမ္မာဆိုတာ စောစောအပိုင်း ကဏ္ဍများတုန်းက တင်ပြ ပေးလာခဲ့တဲ့အတိုင်း ကိုယ့်ကိုယ်ကို ကြည့်နိုင်တယ်၊ ကိုယ့်အကြောင်း ကိုယ်သိနိုင်တယ်၊ ကိုယ့်စရိုက် လက္ခဏာကို ကိုယ်တိုင်ဖတ်နိုင်တဲ့ တရားဖြစ်နေလို့ပါပဲ။ လူတိုင်းမှာ အလုပ်လုပ်နေတဲ့ အရာ(၆)မျိုးရှိပါတယ်၊ မျက်စေ့, နား, နှာ, လျှာ, ကိုယ်, စိတ်ပါ။ ဒီ(၆)မျိုးသော အစိတ်အပိုင်းတွေက နေ့တိုင်း၊ အခါတိုင်း၊ အချိန်တိုင်းမှာ ဆိုင်ရာအလုပ်တွေကို မပြတ်အောင် လုပ်ဆောင်နေကြပါတယ်။ မျက်စေ့ကလဲ သူနဲ့ဆိုင်ရာ အဆင်းတွေကို ကြည့်ပေးရတယ်၊ နားကလဲ အသံတွေကို နားထောင်ပေးရတယ်၊ နှာခေါင်းကလဲ အနံ့တွေကို နမ်းရှုပေးရတယ်၊ လျှာကလဲ အရသာမျိုးစုံကို ခံယူပေးရတယ်၊ ကိုယ်ကလဲ အတွေ့မျိုးစုံကို

တွေ့ထိပေးရတယ်၊ သူတို့အလုပ် သူတို့တာဝန်ကို ကျေကျေပွန်ပွန် လုပ်နေကြပါတယ်။ ဒီ(၅)မျိုး၏ လုပ်ပြီးသမျှကို ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ စိတ်က အကုန်လက်ခံပြီး သိပေးနေရပါတယ်၊ လက်ခံယူလိုက်တာနဲ့ စက္ခုဝိညာဉ်(မြင်သိစိတ်)၊ သောတဝိညာဉ်(ကြားသိစိတ်)၊ ဃာနဝိညာဉ်(နံ့သိစိတ်)၊ ဇိဝှါဝိညာဉ်(စားသိစိတ်) ကာယဝိညာဉ်(ထိသိစိတ်)လို့ အဆင့်(၅)မျိုး ခေါ်ဆိုနိုင်ပါတယ်။ အဲဒီနေရာမှာ စိတ်ချည့်သက်သက်ဖြစ်တာ မဟုတ်ကြောင်းကို ရှင်းပြလိုပါတယ်၊ စိတ်သည် လက်ခံပြီး အာရုံကို သိရုံမျှပါပဲ၊ ထိုထက် အပိုအလို မရှိပါဘူး၊ ယှဉ်ဘက်ဆိုင်ရာ စေတသိက်တို့က ထိုစိတ်နှင့် အတူဖြစ်ခြင်း၊ အတူချုပ်ခြင်း၊ အာရုံအတူယူခြင်း၊ မှီရာတူခြင်းပြုလျှက် ခြယ်လှယ်၍ အရောင်ပြောင်း ပုံစံပြောင်းပေးတတ်တာကို အဘိဓမ္မာတရားမှာ အတိအလင်းရှင်းပြ ဟောပေးထားပါတယ်။ အဲဒါကြောင့် ကိုယ့်စိတ်အကြောင်း ကိုယ်သိနိုင်တဲ့ တရားပါလို့ ပြောရတာပါ။

မကောင်းမှုရှောင် ကောင်းမှုဆောင်ဖို့က သုတ္တန်ပိဋကတ်မှာ ဟောထားပါတယ်၊ ထို့ထက် အဘိဓမ္မာပိဋကတ်က ပြည့်ပြည့်စုံစုံ ထဲထဲဝင်ဝင် မညာမတာ အားမနာတမ်း ဟောထားတာဖြစ်လို့ ကိုယ့်ဘဝမှာ အဘိဓမ္မာကို လေ့လာထားဖို့ လိုအပ်လှပါတယ်။ ယခင်အပတ်က အကုသိုလ်စေတသိက် (၁၄)ပါးထဲမှ လောဘကြောင့် လိုချင်မှုတွေဖြစ်တတ်ပုံ၊ ဒေါသကြောင့် အမျက်ထွက်မှုတွေ ဖြစ်တတ်ပုံ၊ မောဟကြောင့် အမှန်မသိမှုတွေ ဖြစ်တတ်ပုံနဲ့ ထိုစေတသိက် သုံးပါးတို့သည် မကောင်းမှု ဒုစရိုက်(၁၀)ပါးကို ချုပ်ကိုင်ထားကြတယ်လို့ တင်ပြပေးခဲ့ပါတယ်။ ယခု-တစ်ပတ်မှာတော့ သင်တန်းဆရာက ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, အမည်ရတဲ့ စေတသိက်သုံးပါးကို ဥပမာတွေပြပြီး မှတ်သားလောက်အောင် ဝေဘန်ပြပေး ထားခဲ့ပါတယ်။

"အမှန်ကွယ်ဝှက်၊ ဒုစရိုက်ကြောင့်- မရှက်- မလန့်၊ ပြန့်လွင့်သဘော၊ လိုချင်သောအား၊ အယူမှားလျှက်၊ ထောင်လွှားတက်၍၊ ခက်ခက်ထန်ထန်၊ ငြူစူဟန်ဟု၊ နမြောမှုဆို- ဝန်တိုလေရ၊ နောင်တပူပင်၊ ထိုင်းမှိုင်းအင်နှင့်၊ ထို့ပြင်ယုံမှား၊ ၁၄-ပါးသည်- မှတ်သား အကုသိုလ်ချည်းတည်း" လို့ ရှေးဆရာရှင်တို့က စေတသိက်(၁၄)ပါးတို့၏ စရိုက်လက္ခဏာများကို လိုရင်းတိုရှင်း ပြောပြထားပါတယ်။ ထို(၁၄)ပါးထဲမှ ယနေ့သင်တန်းမှာ ပြောခဲ့တဲ့ ဒိဋ္ဌိ, ဥဒ္ဓစ္စ, ဝိကိစ္ဆာ, စေတသိက်(၃)ပါးကို ရှေးဦးစွာ ယခုလို ဖွင့်ဆို၍ ပြပေးထားပါတယ်။

ဒိဋ္ဌိဆိုတဲ့ စေတသိက်က မသင့်မတင့် နှလုံးသွင်းခြင်း လက္ခဏာရှိပါတယ်၊ မှားယွင်းသောအားဖြင့် သုံးသတ်ခြင်း ကိစ္စရှိပါတယ်၊ မှားမှားယွင်းယွင်း နှစ်လုံးသွင်းခြင်းရှိသော ဝါဒများလို့ ဆိုလိုတာပါ။ မသင့်မတင့် နှလုံးသွင်းတယ်ဆိုတာက အနိစ္စကို နိစ္စ၊ ဒုက္ခကို သုခ၊ အနတ္တကို အတ္တလို့ ထင်မှားမှုများပဲ ဖြစ်ပါတယ်။ လောကမှာရှိတဲ့ အရာတွေကို ဖန်ဆင်းသူ မရှိပဲလျှက် ရှိ၏ဟု စသည်ဖြင့် စွဲလမ်းမှတ်ထင်မှု များကလဲ ဒိဋ္ဌိရဲ့ သဘောတွေပါပဲ။ ထိုသို့ မှတ်ထင်သည်အားလျော်စွာ ဆိုင်ရာအာရုံကို အမှားအတိုင်း အာရုံပြု နေခြင်းကိုပင် မှားယွင်းသောအားဖြင့် သုံးသတ်ခြင်းရှိတဲ့ ဒိဋ္ဌိ၏ကိစ္စသဘောတွေပါတဲ့။

ဥဒ္ဓစ္စ စေတသိက်က စိတ်မငြိမ်မသက် ပြန့်လွင့်တတ်တဲ့သဘောပါ၊ ဥပမာအားဖြင့် လေအဟုန်၏ တိုက်ခတ်မှုကြောင့် ရေအယဉ်၏ မငြိမ်သက်ခြင်း ဖြစ်သကဲ့သို့၊ နောက်ပြီးတော့ တံခွန်တိုင်၌

ဆွဲထားအပ်သော တံခွန်သည် လေတိုက်တိုင်း လွင့်ကာလွင့်ကာ မတည်ငြိမ်သကဲ့သို့ အာရုံတစ်ခု အပေါ်၌ စိတ်သည် ငြိမ်သက်စွာ မတည်နိုင်ပဲ ဟိုရောက်ဒီရောက် ရောက်ခြင်ရာရောက်နေတဲ့ သဘောပါတဲ့၊ ပြာပုံတစ်ခုဝယ် ကျောက်ခဲကို ပစ်ချလိုက်သည့်အခါ ထောင်းကနဲ ပြာတွေ လွင့်စင်သွားသကဲ့သို့ စိတ်၏ လှုတ်လှုတ်ရှားရှား လွင့်ပါးကြောင်း တရားကို ဥဒ္ဓစ္စ-သဘောလို့ ဥဒ္ဓစ္စ၏ ပုံရိပ်ကလေးများနဲ့ ရှင်းပြပေးထားပါတယ်။

ဝိစိကိစ္ဆာ စေတသိက်၏ သဘောကတော့ ကုသိုလ်တရားတို့ကို ပိတ်ဆို့ တားမြစ်တတ်သော နီဝရဏတရားဖြစ်လို့ ရတနာသုံးပါး- ကံ- ကံ၏ အကျိုးတရားတို့၌၎င်း၊ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စ သမုပ္ပါဒ်, တရားတို့၌၎င်း ယုံမှားသံသယ ဖြစ်ခြင်းသဘောပါ။ ငါကိုးကွယ်တဲ့ ဘုရားဆိုတာ တကယ်ဟုတ်ပ့ါရဲ့လား၊ တရားဆိုတာ တကယ်ဟုတ်ပ့ါရဲ့လား၊ သံဃာဆိုတာလဲ တကယ် ဟုတ်ပ့ါရဲ့လား၊ ကုသိုလ်-အကုသိုလ်ဆိုတာကရော တကယ်ဟုတ်ပ့ါရဲ့လား၊ ကုသိုလ်-အကုသိုလ်တို့၏ အကျိုးကရော တကယ်ရတယ်ဆိုတာ ဟုတ်ပါရဲ့လားလို့ ဝေ့လယ်လယ် ဖြစ်တတ်တဲ့ ယုံမှားမှု ဝိစိကိစ္ဆာ၏ သဘောတွေကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြပေးထားပါတယ်။

အဲဒီနောက်မှာတော့ ကာမဘုံ၌သာ များသောအားဖြင့် ဖြစ်လေ့ရှိတဲ့ ကာမာဝစရ သောဘနစိတ်(၂၄)ပါးကို ရှင်းပြပေးပါတယ်။ ထို ကာမာဝစရ သောဘနစိတ်ကို ကာမသောဘနစိတ်လို့လဲ တစ်နည်းခေါ်ပါတယ်။ ကာမဘုံဆိုတာ (၁၁)ခုရှိကြောင်းလဲ ရှင်းပေးပါတယ်၊ ယနေ့ သင်ပြပေးမည့် ကာမသောဘနစိတ်(၂၄)ပါးသည် နတ်ပြည်(၆)ထပ်၊ လူပြည်(၁)၊ အပါယ်(၄)ပါး အားဖြင့် ကာမ(၁၁)ဘုံ တို့၌သာ ဖြစ်လေ့ဖြစ်ထ များတယ်လို့ ဆိုပါတယ်။ ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ် အရိယာ(၆)ဦးတို့၌သာ-ဖြစ်သော မဟာကုသိုလ်စိတ် (၈)ပါး၊ ရှေးကံ၏ အကျိုးဆက် မဟာဝိပါက်စိတ်(၈)ပါး၊ ဘုရား ရဟန္တာတို့၌သာ ဖြစ်သော မဟာကြိယာစိတ်(၈)ပါး၊ အားလုံး (၂၄)ပါးကို ကျယ်ကျယ်ပြန့်ပြန့် ဇာတ်နိပါတ်တော်များနဲ့ ဝေဘန်ဟောပြ ပေးတဲ့အတွက် လာရောက်သူ သင်တန်းသားတို့ ကျေနပ် နှစ်သိမ့်အားရ နေကြပါတယ်။

အထူးအားဖြင့် မဟာကုသိုလ်စိတ် (၈)ပါးထဲမှာ စိတ်ဝင်စားဖွယ် ကောင်းတာက ကိုယ်လုပ်တဲ့ ကုသိုလ်သည် ဘာစိတ်နဲ့ လုပ်ပါသလဲဆိုတာ ကိုယ်တိုင် သိလိုက်ရတော့ အထူးကိုပဲ ပီတိဖြစ်နေကြပါတယ်၊ သင့်ကိုလဲ ယခု မေးလိုပါတယ်၊ သင်ဖြေဆိုနိုင်ပါက ဖြေဆိုကြည့်ပါ၊ အဖြေရှာမရက အဖြေမှန်များကို ထည့်သွင်းပေးပို့ လိုက်ပါတယ်၊ သင်ဉာဏ်စွမ်းရှိသလို အဖြေများကို ရှာဖွေပါ။

(၁) ရဟန်းသံဃာများအား ဆွမ်းလှူသောအခါ သို့မဟုတ် တစ်ခုခု လှူဒါန်းသောအခါ မိမိသန္တာန်မှာ ဖြစ်ပေါ်နေသော ကုသိုလ်စိတ် သင်သိပါရဲ့လား။

(၂) မိမိအိမ်တွင် ကိုးကွယ်ထားသော ဗုဒ္ဓရုပ်ပွားတော်အား အကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၍ နေ့စဉ် ရှိခိုးနေသောသင့်မှာ ဖြစ်ပေါ်နေတဲ့ ကုသိုလ်စိတ်ကို သင်သိပါရဲ့လား၊

(၃) ကိုယ်က ဘုရားရှိခိုးနေသည်ကို အတုယူ၍ ကိုယ်၏သားမှ ဝမ်းမြောက်ဝမ်းသာဖြင့် ရှိခိုးနေသော သားငယ်+သမီးငယ်၏သန္တာန် မည်သည့်ကုသိုလ်တွေ ဖြစ်နေသည်ကို သင်သိပါရဲ့လား၊

(၄) မည်သူတစ်ဦး တစ်ယောက်မျှ မတိုက်တွန်းရပါပဲ နှစ်သက်ဝမ်းမြောက်စွာ ရတနာသုံးပါး မိဘ ဆရာတို့အား ရှိခိုးဦးချသော ကလေးငယ်နှင့် သားလေး သမီးလေး ရှိခိုးပါလို့ မိဘ၏ တိုက်တွန်းမှုကြောင့် ဝမ်းမြောက်ဝမ်းသာ ရှိခိုးသော ကလေးများမှာ မည်သို့သော ကုသိုလ်စိတ် ဖြစ်နေကြသည်ကို သင်သိပါရဲ့လား၊

(၅) ခေတ်နှင့်အညီ ပြုလုပ်သော ဘက်စုံမွန်းမံရေးတို့၌ ကောင်းကျိုးကို မျှော်မြင်လျှက် ဝမ်းမြောက်ဝမ်းသာ အလှူငွေ ထည့်ဝင်သောသူနှင့် ဘာသာခြား တစ်ယောက်ကလဲ ဝမ်းမြောက်ဝမ်းသာ အလှူငွေ ထည့်ဝင်လာပါလျှင် ထိုသူတို့၏ သန္တာန်၌ ဖြစ်ပေါ်နေသော ကုသိုလ်စိတ်များကို သင်သိပါရဲ့လား၊

(၆) မိမိနိုင်ငံနှင့် မိမိဘာသာ သာသနာကို ဖွံ့ဖြိုးတိုးတက် စည်ကားအောင် ပြန့်ပွားအောင် အသိဉာဏ်ယှဉ်လျှက် ဝမ်းမြောက်ဝမ်းသာ ပြုလုပ်နေသောသူ၏ သန္တာန်မှာ ဖြစ်သော ကုသိုလ်စိတ်ကို သင်သိပါရဲ့လား၊

(၇) အိုမင်းမစွမ်း ဖြစ်နေသော ဘိုးဘွားများ၏ ကိစ္စကြီးငယ်ကို မိမိအသိစိတ်ဖြင့် ပျော်ရွှင်စွာ ဆောင်ရွက်ပေးနေသော လူငယ်တစ်ဦး၏ သန္တာန်၌ ဖြစ်ပေါ်နိုင်သော ပရဟိတ ကုသိုလ်စိတ်များကို သင်သိပါရဲ့လား၊

(၈) ကုသိုလ်+အကုသိုလ်ကို ခွဲခြား၍ မသိ၊ ဉာဏ်မရှိပဲ၊ ဒါန+သီလ ကုသိုလ်အဖြာဖြာကို ဝမ်းသာစိတ်ဖြင့်သာပြုလုပ်လေ့ရှိသူမှာ ဘာကုသိုလ်စိတ် ဖြစ်နေပါသလဲ.. သင်သိပါရဲ့လား။

(၉) သင်ပြသော ကုသိုလ်စိတ်များ၏ အကျိုးပေး မတူပုံတို့ကို ခွဲခွဲခြားခြား သင်သိပြီးပါပြီလား။

ယခုမေးတဲ့ မေးခွန်းတို့၏ အဖြေများကိုတော့ အဘိဓမ္မာ လေ့လာမှ မှန်ကန်စွာ သင်သိပါလိမ့်မည်၊ ကုသိုလ်တွေပါဟု ဖြေခဲ့လျှင် မှန်ကန်သော်လဲ ထိုကုသိုလ်တို့သည် ဘယ်လိုကုသိုလ်မျိုးပါလဲ၊ ဘယ်လိုအကျိုးကို မုချပေးနိုင်ပါသလဲ၊ မိမိလိုချင်သော ကောင်းကျိုးကို ရနိုင်ပါ၏လား စသည်များကိုတော့ အဖြေရှာဖို့ သင့်မှာ ခက်ခဲပါလိမ့်မည်၊ သင်၏ ထို-ဘာသာရေး ကုသိုလ်သဘော အခက်အခဲများကို အဘိဓမ္မာက တာဝန်ယူ၍ ဖြေရှင်းပေးနိုင် ပါတယ်ဆိုတာ ယုံကြည်လိုက်ပါ၊ သင်ကိုယ်တိုင် မှန်ကန်စွာသိဖို့ လေ့လာပါလို့ တိုက်တွန်းရင်းဖြင့်.....

သတ္တဂါမှန်သရွေ့ တရားတွေ ချမ်းမြေ့သာယာ ရှိကြပါစေ။

လေးစားစွာဖြင့်... ကျနော် ဘုန်းသျှံ

၂၂-၀၈-၂၀၁၁။